# ဒလမြို့နယ်

# ခနောင်(အထက်)ကျေးရွာအုပ်စု၊ ခနောင်(အထက်)ကျေးရွာ

## ၂၀၂၅-၂၀၂၆ခု၊ ဘဏ္ဍာရေးနှစ်၊

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)

**ပြုစုရေးဆွဲသူ**

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ**

**ခနောင်(အထက်)ကျေးရွာအုပ်စု၊ခနောင်(အထက်)ကျေးရွာ၊ ဒလမြို့နယ်**

**(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊**

**ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)**

**၂၀၂၅ခုနှစ်၊ ဇူလိုင် လ**

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | စကားချီး | ၃ | ၄ |
| | ခနောင်(အထက်)ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ဒလမြို့နယ် | ၅ | ၅ |
| | ခနောင်(အထက်)ကျေးရွာ ရာသီခွင်ပြပြက္ခဒိန်၊ ဒလမြို့နယ် | ၆ | ၆ |
| | ခနောင်(အထက်)ကျေးရွာ အဖွဲ့အစည်းချိတ်ဆက်ပြ၊ ဒလမြို့နယ် | ၇ | ၇ |
| ၁။ | တည်နေရာနှင့် ပထဝီဝင် အနေအထား | ၈ | ၈ |
| ၂။ | ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ | ၈ | ၈ |
| | ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ | ၈ | ၉ |
| ၄။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ | ၉ | ၉ |
| ၅။ | စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ | | |
| | (က) သီးနှံ စိုက်ပျိုးရေး | ၉ | ၉ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၁၀ | ၁၀ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၁၀ | ၁၀ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၁၀ | ၁၁ |
| ၆။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၁ | ၁၁ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၁ | ၁၁ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၁ | ၁၂ |
| ၇။ | ပညာရေး | ၁၂ | ၁၂ |
| ၈။ | ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး | ၁၂ | ၁၂ |
| ၉။ | ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၃ | ၁၃ |
| ၁၀။ | ကျား–မ ရေးရာကိစ္စရပ်ဆိုင်ရာ | ၁၃ | ၁၄ |
| ၁၁။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | ၁၅ | ၁၅ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ | ၁၆ | ၆၃ |
| | နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြုဇယား | ၆၄ | ၆၅ |
| | နောက်ဆက်တွဲ(၄) ဦးစားပေးစီမံချက်များ | ၆၆ | ၆၆ |
| | နောက်ဆက်တွဲ(၅)အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလ သတ်မှတ်ခြင်း | ၆၇ | ၆၇ |
| | နောက်ဆက်တွဲ (၆) စီမံကိန်း အဆိုပြုလွှာများ။ | ၆၈ | ၆၉ |
| ၁၂။ | ရည်ညွှန်းကိုးကားချက် | ၆၉ | ၆၉ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့် ၂၀၂၅/၂၀၂၆ ဘဏ္ဍာရေးနှစ်မှ ၂၀၂၉/၂၀၃၀ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက် အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဇူလိုင် လ၊ ၂၀၂၅

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ခနောင်(အထက်)ကျေးရွာ

ဒလမြို့နယ်

## ခနောင်(အထက်)ကျေးရွာအုပ်စု၊ ခနောင်(အထက်)ကျေးရွာ၊ သယံဇာတပြမြေပုံ



# ခနောင်(အထက်) ကျေးရွာအုပ်စု၊ ခနောင်(အထက်)ကျေးရွာ၊ ရာသီခွင်ပြက္ခဒိန်



# ခနောင်(အထက်)ကျေးရွာအုပ်စု၊ ခနောင်(အထက်)ကျေးရွာ ကျေးရွာ(အတွင်း/ပြင်ပ) အဖွဲ့အစည်းများ၏ ချိတ်ဆက်ဆောင်ရွက်မှုအခြေအနေ(Ven Digram)



## ၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

ခနောင်(အထက်)ကျေးရွာသည် ဒလမြို့နယ်တွင် ပါဝင်သော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ အရှေ့လောင်ဂျီကျူ့ ၉၆ ဒီဂရီ ၁၈ မိနစ် နှင့် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၇၀ မိနစ်ကြားတွင်တည်ရှိပါသည်။ ခနောင်(အထက်)ကျေးရွာ၏ တောင်ဘက်တွင် ရခိုင်ချောင်(တ) ကျေးရွာနှင့် ရခိုင်ချောင်(မ) ကျေးရွာ၊ မြောက်ဘက်တွင် ဒလမြို့၊ အရှေ့ဘက်တွင် ခနောင် (ရွာမ) ကျေးရွာနှင့်ချောင်းဝကျေးရွာ၊ အနောက်ဘက်တွင် ရဲချောင်းကျေးရွာ တည်ရှိပါသည်။ ဒလ-ကနောင်လမ်းမကြီးမှ သွားရသည့်အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်၍ သွားလာရ လွယ်ကူပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ရာသီဥတုမှာ မေလ(၁၅)ရက်မှ အောက်တိုဘာလ၊ နိုဝင်ဘာလအထိမိုးများ၍ စွတ်စိုသော ရာသီဥတုကြောင့် လယ်မြေများတွင်မိုးစပါးအား သက်လတ်သက်ကြီးစပါးမျိုး စိုက်ပျိုးကြ၍ နုံးတင်မြေနုဒေသဖြစ်သောကြောင့် မြေဆီမြေနှစ်ကောင်းမွန်၍ တစ်ကေလျှင် ပျမ်းမျှ (၄၀)တင်းနှုန်းထွက်ရှိပါသည်။

## ၃။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

ဒလမြို့နယ်၊ ခနောင်(အထက်)ကျေးရွာတွင် အိမ်ထောင်စု (၁၃၆) စု၌ ကျား(၂၁၃)ဦး၊ မ(၁၉၅)ဦး၊စုစုပေါင်း လူဦးရေ(၄၁၈)ဦးရှိပြီး (၁)အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၃)ဦး ခန့် နေထိုင်လျှက်ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်လူဦးရေမှာ ကျေးရွာရှိ လူဦးရေ၏(၇၃%) ဖြစ်ပြီး လုပ်သားအင်အားရရှိမှု များပြားပါသည်။ ၎င်းအလုပ်လုပ်နိုင်သောသူများကို အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှု အတတ်ပညာများ ထောက်ပံ့ပေးခြင်း၊ တစ်နိုင်တစ်ပိုင်လုပ်ငန်းများထူထောင်ပေးနိုင်မည်ဆိုပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ ရှိပါသည်။အလုပ်လုပ်နိုင်သောအရွယ်တွင် အမျိုးသား အလုပ်လုပ်နိုင်သော လူဦးရေထက် အမျိုးသမီးအလုပ်လုပ်နိုင်သော လူဦးရေမှာ များပြားပါသည်။ အသက်(၆၄)နှစ်နှင့်အထက်

သက်ကြီးရွယ်အိုလူဦးရေမှာ ကျား(၂၂)ဦး၊မ(၁၉)ဦး ရှိပြီး ကျန်းမာရေးမှာ အသင့်အတင့် ကောင်းမွန်ကြပါသည်။ ကျေးရွာမသန် စွမ်းလူဦးရေမှာ ကျား (၃) ဦးရှိပါသည်။

## ၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဒလမြို့နယ်၊ ခနောင်(အထက်)ကျေးရွာတွင် လူမှုရေးအသင်း အဖွဲ့များရှိပြီး၊ သက်ဆိုင်ရာလုပ်ငန်းများအလိုက် တက်ကြွစွာဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများကြားဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့် လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်မှုသည် အသင့်အတင့်ကောင်းမွန်သည်ဟု ဆိုနိုင်ပါသည်။ ကျေးရွာအတွင်းရှိ ပြည်သူများ၏ စည်းလုံးညီညွတ်မှု၊ ရပ်မိရပ်ဖများ၏ ဩဇာသက်ရောက်မှုများကြောင့် ကျေးရွာအကျိုး အဖွဲ့လိုက်ဆောင်ရွက်မှုများတွင် အောင်မြင်ထိရောက်မှု အသင့်အတင့်ရရှိထားပါသည်။သို့ပါသော်လည်း ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ပတ်သက်သောအသိအမြင် ဗဟုသုတများအပိုင်း (ဥပမာ-အဖွဲ့အစည်းများဆိုင်ရာ သဘာ တရားများတွင် လိုအပ်ချက်များရှိနေသေးလျှက်ရှိပါသည်။)

## ၅။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ဒလမြို့နယ်၊ ခနောင်(အထက်)ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု အနည်းငယ်သာရှိပြီး သီးစားလုပ်ကိုင်သူများ ပေါများပါသည်။ ကျေးရွာ(၁)ရွာလုံးအနေဖြင့် လယ်မြေပိုင်ဆိုင်သည့် အိမ်ထောင်စုမှာ ကျေးရွာရှိအိမ်ထောင်စု၏ (၁၂%)ရှိပါသည်။ကျေးရွာတွင် လယ်မြေ(၁၈၁)ကေရှိပြီး စပါးကိုသာ အဓိက စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေး သွင်းအားစုများ၊ နည်းပညာဝန်ဆောင်မှုများ အသင့်အတင့်ရရှိပြီး၊ မိုးရေဖြင့်စိုက်ပျိုးကြပါသည်။ အလုပ်သမားစရိတ်ကြီးမြင့်ခြင်း၊ ဖျက်ပိုးများ ကျရောက်တတ်ခြင်း၊ ငွေကြေးအရင်းအနှီးများလည်း အလွယ်တကူ မရရှိနိုင်ပါ။ သီးနှံအထွက်နှုန်းများတွင် စပါးတစ်ကေအထွက်နှုန်းအများဆုံး (၅၀) တင်းရှိပါသည်။ အခြေအနေကောင်းတစ်ရပ်အနေဖြင့် စိုက်ပျိုးသီးနှံထုတ်ကုန်များကို ရောင်းချရန် ဈေးကွက် အလုံအလောက်ရှိပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ခနောင်(အထက်)ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင်အိမ်တွင် မွေးမြူ လျှက်ရှိပြီးစီးပွားဖြစ် မွေးမြူထားခြင်းမရှိပါ။သီးနှံများ ရိတ်သိမ်းပြီးချိန် စိုက်ကွင်းမြေများပေါ်တွင် လွတ်၍ကြောင်းနိုင်ပြီး ကောက်ရိုးများကို အစာအဖြစ် ပြန်လည် အသုံးပြုကြပါသည်။ မွေးမြူရေးဆိုင်ရာ အသိပညာနှင့်နည်းပညာ ဝန်ဆောင်မှုများ လိုအပ်လျှက်ရှိပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ဒလမြို့နယ်၊ ခနောင်အထက်ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းများ မရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများအဖြစ် အခြားဒေသများရှိ ထုတ်ကုန်လုပ်ငန်းများတွင် နေ့စားအဖြစ် သွားရောက်လုပ်ကိုင်ရခြင်း၊လက်သမား၊ ဆောက်လုပ်ရေး ၊ ဆိုင်ကယ်ကယ်ရီ၊ ဈေးဆိုင်၊အပ်ချုပ်လုပ်ငန်းများကို လုပ်ကိုင် လျှက်ရှိကြပါသည်။ အသက်မွေးဝမ်းကျောင်း အတတ်ပညာတတ်မြောက်မှုနည်းပါးခြင်းကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်ရန်အတွက် အခက်အခဲများရှိ နေကြပါသည်။ကျေးရွာနှင့်မြို့ပေါ်လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်ပြီး၊ လျှပ်စစ်မီးရရှိသောကြောင့် ထုတ်ကုန်လုပ်ငန်းများ ထုတ်လုပ်ရန် အခွင့် အလမ်း တစ်ရပ်ပင်ဖြစ်ပါသည်။ နယ်မြေလုံခြုံမှုရှိပြီး လွတ်လပ်စွာသွားလာ ရောင်းဝယ်နိုင်သောကြောင့် လမ်းပန်းဆက်သွယ်ရေးမှာ တစ်နှစ်ပတ်လုံး ရာသီမရွေးသွားလာနိုင်ပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဒလမြို့နယ်၊ ခနောင်(အထက်)ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်သည့် အိမ်ထောင်စု အနည်းငယ်သာရှိပြီး စိုက်ပျိုးရေးဘဏ်မှ ချေးငွေများရရှိနိုင်ပါသည်။ အပေါင်ဆိုင်၊ မိတ်ဆွေနှင့်ဆွေမျိုးများထံမှ ချေးငွေအနည်းငယ်သာရရှိပြီး၊ အပေါင်ခံပစ္စည်း မလိုအပ်သော်လည်း မြေယာပိုင်ဆိုင်မှု မရှိသည့်အတွက် ယုံကြည်မှု အားနည်းပြီး လူတိုင်းမရနိုင်၊ အလုံအလောက်မရနိုင်ပါ။ ကျေးရွာတွင် တစ်လလျှင် ချေးငွေလိုအပ်မှုအနေအထားမှာ ယေဘုယျအားဖြင့် အတော်အသင့်

မြင့်မားသည့် အနေအထားတွင် ရှိနေဆဲဖြစ်ပြီး၊ ဘဏ်များအနေဖြင့်လည်း ကျေးရွာအရောက် ဝန်ဆောင်ပေးမှုများ မရှိပါ။ ကျေးရွာနေပြည်သူအများစုမှာ သက်သာသော အတိုးနှုန်းဖြင့် ချေးငွေရရှိရာ လမ်းကြောင်းများမှာ အလှမ်းဝေး နေဆဲဖြစ်ပါသည်။

**၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

ဒလမြို့နယ်၊ ခနောင်(အထက်)ကျေးရွာကျေးရွာတွင် လယ်ယာထွက်ကုန်များ ထုတ်လုပ်နိုင်ပါက ကျေးရွာနှင့်(၃)မိုင်ခန့်ဝေးသော ဒလမြို့၊ အောင်ဇေယျဈေး ရှိပြီး၊ ဈေးကွက်အလုံအလောက်ရှိပါသည်။ ကုန်စိမ်းနှင့်သားငါးများကို ဒလမြို့ ဈေးတွင် အလွယ်တကူဝယ်ယူနိုင်ပြီး၊ အခြားသော လူသုံးကုန်ပစ္စည်းများအား ကားများ၊သုံးဘီးဆိုင်ကယ်ဖြင့် သယ်ယူပို့ဆောင်ကြပါသည်။ကျေးရွာသည် ဒလ–ကနောင်လမ်းမကြီးနှင့် နီးပြီး၊ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ကောင်းမွန်ပါသည်။ ကျေးရွာရှိ ရွာတွင်း လမ်းများ၏ စုစုပေါင်း အရှည်မှာ (၀/၆.၅)မိုင်ခန့် ရှည်လျားပြီး မြေသားလမ်းနှင့် ကွန်ကရစ်လမ်းများဖြစ်၍ ရာသီမရွေးသွားလာရန် အခက်အခဲအနည်းငယ်ရှိပါသည်။

**(ခ) လျှပ်စစ်စွမ်းအားဆိုင်ရာ အခြေခံအဆောက်အဦး**

ဒလမြို့နယ်၊ခနောင်(အထက်)ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီး အား အိမ်ထောင်စုရွာလုံးကျွတ်အသုံးပြုကြသော်လည်း မီးမရသေးသော အိမ်များ လည်း အနည်းငယ်ရှိပါသည်။

**(ဂ) ဆက်သွယ်ရေး၊ သတင်းနှင့် နည်းပညာဆိုင်ရာ အခြေခံ အဆောက်အဦး**

ဒလမြို့နယ်၊ ခနောင်(အထက်)ကျေးရွာတွင် ဆက်သွယ်ရေး၊ သတင်းအချက် အလက် နည်းပညာနှင့်ပတ်သက်၍ အိမ်တိုင်းနီးပါး တယ်လီဖုန်း၊ TV များ အများ အပြား အသုံးပြုလျှက်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ကျေးရွာအနီး ပတ်ဝန်းကျင်တွင် သက်ဆိုင်ရာ ဆက်သွယ်ရေး တာဝါတိုင်များနှင့် အလှမ်းဝေးသဖြင့် ကျေးရွာသူ/သားများမှာ ကြိုးမဲ့ဆက်သွယ်ရေး ဆင်းကဒ်များ ဖြစ်သော MPT, Ooredoo, Telenor, Mytel(4)မျိုးစလုံး အသုံးပြုနိုင်သော်လည်း

ဆက်သွယ်ရာတွင် တခါတလေလိုင်းပြတ်တောက်မှုများရှိပါသည်။ စီးပွားရေးအနေဖြင့် ဈေးကွက်များနှင့် သတင်းအချက်အလက်များအား အချိန်နှင့်တပြေးညီ ရယူနိုင်သည့်အပြင် ဆက်သွယ်ရေးဆိုင်ရာ ဗဟုသုတများနှင့် နည်းပညာဆိုင်ရာ အချက်အလက်များ အနည်းငယ်ခက်ခဲလျက်ရှိပါသည်။

## ၇။ ပညာရေး

ဒလမြို့နယ်၊ ခနောင်(အထက်)ကျေးရွာ အခြေခံမူလတန်းကျောင်းတွင် ကျေးရွာမှ ကလေးများသည် ပညာဆည်းပူးလျက်ရှိပါသည်။အတန်းပညာပြီးမြောက်မှုများတွင် ဘွဲ့ရလူငယ်များ နည်းပါးသော်လည်း အလုပ်လုပ်နိုင်သည့် အရွယ်များသောကြောင့် လုပ်ငန်းခွင်ဝင်နိုင်သည့် လူသားအရင်းအမြစ်တစ်ရပ်ပင် ဖြစ်ပါသည်။လူငယ်များမှ အလုပ်အကိုင်ရှားပါးမှုနှင့် အသက်မွေးဝမ်းနည်းပညာ အားနည်းခြင်းများကြောင့် သင်တန်းများပို့ချပေးပြီး၊ လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော ရင်းနှီးငွေ/ ချေးငွေများ ပံ့ပိုးပေးပြီးနောက် လုပ်ငန်းများဖွင့်လှစ်ဆောင်ရွက်ပါက ဝင်ငွေအသင့်အတင့် ရလာနိုင်မည် ဖြစ်ပါသည်။

## ၈။ ကျန်းမာရေး

### (က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှု ရရှိမှု အခြေနေ

ဒလမြို့နယ်၊ ခနောင်(အထက်)ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ အရေးပေါ်လူနာများ ရှိခဲ့လျှင်ဖြစ်စေ ကျေးရွာမှ (၃)မိုင်ခန့်အကွာရှိ ဒလမြို့နယ်ဆေးရုံသို့ သွားရောက်ကုသကြပါသည်။ကျေးလက်ပြည်သူများအကြား ဝမ်းပျက်ဝမ်းလျှောနှင့်ဆီးချို၊သွေးတိုးရောဂါများသည် ရာသီအလိုက်ဖြစ်ပွားပြီး အာဟာရချို့တဲ့မှု အနည်း ငယ်ရှိပါသည်။

### (ခ) သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး

ဒလမြို့နယ်၊ ခနောင်(အထက်)ကျေးရွာတွင် သောက်သုံးရေကို မြေသားရေကန်များမှ သုံးစွဲကြပြီး၊ ကျေးရွာရှိ အိမ်ထောင်စုအားလုံး လုံလောက်မှုရှိပါသည်။ ပတ်ဝန်းကျင်သန့်ရှင်းရေးအပိုင်းတွင် ကျေးလက်ဒေသ၏ ယင်လုံအိမ်သာသုံးစွဲမှု (၁၀၀%)ရှိသဖြင့် ကျေးရွာသူ/သားများအနေဖြင့်ကျန်းမာရေးဆိုင်ရာ အသင့်အတင့်ရှိ၍ တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ကျန်းမာရေး အသိပညာပေးမှုမှာလည်း အသင့်အတင့်ရှိပါသည်။

## ၉။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ပြုစုခြင်း

### (က) ပတ်ဝန်းကျင်နှင့်သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ခြင်း

ဒလမြို့နယ်၊ခနောင်(အထက်)ကျေးရွာတွင် မြေဆီလွှာအနေအထားမှာ အသင့်အတင့် ကောင်းမွန်ပါသည်။စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ဘူးခွံများကို စွန့်ပစ်ရာတွင် ကျေးရွာတွင်း သတ်မှတ်နေရာတွင် မီးရှို့ဖျက်ဆီးခြင်းကို အသုံးပြုကြပါသည်။သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများမြှင့်တင် ဆောင်ရွက်ပေးသင့်ပါသည်။ ငါးမျိုးကွဲများ၊ ရှားပါးတိရစ္ဆာန်များ မရှိပါ။

### (ခ) သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း

ဒလမြို့နယ်၊ ခနောင်(အထက်)ကျေးရွာသည် ကုန်းတွင်းဒေသဖြစ်သောကြောင့် မုန်တိုင်းဘေးအန္တရာယ်တို့နည်းပါးပြီး တစ်ခါတစ်ရံမှသာ မိုးခေါင်ခြင်း၊လေပြင်းတိုက်ခြင်းတို့ ကြုံတွေ့ရတတ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများကို ကြိုတင်လုပ်ဆောင်မှုနည်းသော်လည်း မိုးလေဝသသတင်းများကြောင့် အချိန်နှင့်အမျှ သိရှိရပါသည်။လူထုအခြေပြု သဘာဝဘေးအန္တရာယ်လျှော့ချရေး အစီအစဉ်များ ဆောင်ရွက်နိုင်မှုမရှိ သေးပါ။ကျေးရွာသည် တရားဥပဒေစိုးမိုးမှုရှိပြီး တည်ငြိမ်အေးချမ်းမှု ရှိသောကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုမှာ အဆင်ပြေချောမွေ့လျှက်ရှိပါသည်။

## ၁၀။ ကျား/မရေးရာ ကဏ္ဍကိစ္စရပ်ဆိုင်ရာ

ဒလမြို့နယ်၊ ခနောင်(အထက်)ကျေးရွာတွင် မိဘများသည် သားသမီးများကို ပညာသင်ကြားမှု အပိုင်းတွင် ကျား/မ ဖြစ်ခြင်းမဖြစ်ခြင်းအပေါ် ခွဲခြားသတ်မှတ်ခြင်းမရှိဘဲ တန်းတူပညာသင်ကြားခွင့် ရှိကြပါသည်။ မိသားစုစားဝတ်နေရေး အခြေအနေအလိုက်သာ ပညာသင်ကြားခွင့်ကို သက်ရောက်မှုရှိစေနိုင်သည်။ နေ့စားလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများတွင် ကျား/မ တန်းတူ အခွင့်အရေးရှိပြီးနေ့စားလုပ်အားခ သတ်မှတ်ရာတွင် လုပ်အားစိုက်ထုတ်မှုပေါ် မူတည်၍ လုပ်အားခပိုမိုရရှိကြောင်း တွေ့ရှိရပါသည်။ လူမှုအဖွဲ့အစည်းအတွင်း အိမ်တွင်းအကြမ်းဖက်မှုနှင့် ကျားမ ခွဲခြားဆက်ဆံမှုတို့မှာ အများအားဖြင့် မရှိသလောက်နည်းပါးသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ကျေးရွာသာရေးနာရေးကိစ္စရပ်များတွင် အမျိုးသမီးများ တက်

တက်ကြွကြွပါဝင်လုပ်ဆောင်ကြသော်လည်း အိမ်မှုကိစ္စများကို ဦးစားပေးဆောင်ရွက်မှုများ ကြသဖြင့် ကျေးရွာအုပ်ချုပ်ရေးအပိုင်းတွင်မူ အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုအားနည်း သော်လည်း ကျေးရွာဖွံ့ဖြိုးမှုသင်တန်း တက် ရောက်ရန် အမျိုးသား၊ အမျိုးသမီးတို့အကြား တန်းတူအခွင့်အရေးပေးပြီး ဖိတ်ကြားခဲ့သော်လည်း သင်တန်းတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ (၂၅%) သာရှိပါသည်။ ကျားမဆိုင်ရာ တန်းတူညီမျှမှုကိစ္စရပ်များအတွက် မိသားစုနှင့် ကျေးလက်လူထုအတွင်း အသိပညာပေးခြင်းများ တိုးမြှင့်ဆောင်ရွက် ပေးသင့်ပါသည်။ ထိုမှ သာ ကျားမတန်းတူညီမျှမှုနှင့် ကျေးရွာဖွံ့ဖြိုးရေးတို့အတွက် အထောက်အပံ့ ဖြစ်စေနိုင်ပါသည်။

နောက်ဆက်တွဲ(၁)

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ခနောင်(အထက်)ကျေးရွာအုပ်စု ၊ ခနောင်(အထက်)ကျေးရွာ ကော်မတီဖွဲ့စည်းမှုစာရင်း

| စဉ် | ကျေးရွာအုပ်စု | ကျေးရွာအမည် | အမည် | အဘအမည် | ရာထူး | မှတ်ပုံတင်အမှတ် | ပညာ အရည်အချင်း | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|---|---|
| ၁ | ခနောင်(အထက်) | ခနောင်(အထက်) | ဦးချစ်ဆွေ | ဦးမျိုးလွင် | ဥက္ကဋ္ဌ | ၁၂/တတန(နိုင်)၀၇၉၉၉၁ | ၄ တန်း | ၀၉-၄၂၀၁၉၄၉၇၇ |
| ၂ | | | ဦးမင်းလွင် | ဦးလှသောင်း | အတွင်းရေးမှူး | ၁၂/တတန(နိုင်)၀၇၉၈၈၁ | ၈ တန်း | ၀၉-၂၅၀၂၆၃၄၅၈ |
| ၃ | | | ဦးဆန်းဝင်း | ဦးတင်ကြည် | အဖွဲ့ဝင် | ၁၂/တတန(နိုင်)၀၇၉၆၆၂ | ၄ တန်း | ၀၉-၇၅၄၂၃၇၁၇၀ |
| ၄ | | | ဒေါ်စန်းစန်းနွဲ့ | ဦးတင်ကြည် | အဖွဲ့ဝင် | ၁၂/တတန(နိုင်)၀၇၉၉၇၆ | ၄ တန်း | ၀၉-၆၉၉၆၃၇၅၉၂ |
| ၅ | | | ဦးစိုးနိုင် | ဦးမြသိန်း | အဖွဲ့ဝင် | ၁၂/တတန(နိုင်)၁၅၃၇၃၆ | ၁၀ တန်း | ၀၉-၆၈၃၅၄၄၂၀၂ |
| ၆ | | | ဒေါ်မိုးမိုးရီ | ဦးသောင်းရင် | အဖွဲ့ဝင် | ၁၂/တတန(နိုင်)၁၂၂၀၄၁ | ၄ တန်း | ၀၉-၆၆၈၅၅၀၄၉၉ |
| ၇ | | | ဒေါ်ကျင်နု | ဦးပါအို | အဖွဲ့ဝင် | ၁၂/တတန(နိုင်)၀၇၉၈၈၀ | ၄ တန်း | - |

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁ | - | ၂ | ၃ | - |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၃ | ၃ | ၁၆ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၁ | ၁၂ | ၂၃ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၄ | ၁၇ | ၃၁ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၅၂ | ၁၅၄ | ၃၀၆ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၂ | ၁၉ | ၄၁ | | |
| စုစုပေါင်း | | **၂၁၃** | **၁၉၅** | **၄၁၈** | **၃** | **-** |
| စုစုပေါင်း အိမ်ထောင်စု | | **၁၃၆** | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ခနောင်(အထက်)ကျေးရွာတွင် အိမ်ထောင်စု (၁၃၆) စု၊ လူဦးရေ (၄၁၈) ဦး ရှိပါသည်။ ကျေးရွာတွင် တစ်အိမ်ထောင်(၃)ဦးနှုန်း လျော့နည်းပြီး အလုပ်လုပ်နိုင်သူဦးရေသည် ကျေးရွာ လူဦးရေ၏ (၇၃%) ရှိပြီး လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှု ပေးနိုင်ပါသည်။ ကျေးရွာတွင် အမျိုးသမီးဦးဆောင်အိမ်ထောင်စု (၂၀)စုရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို ချောစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၉ | ၂၀ | ၃ | ၁၉ | ၁ | ၆၈ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို ချောစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၃ | ၂၄ | ၂ | ၂၄ | - | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | ၁ | - | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလုပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၃ | - | - | ၃ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု<br><br>(မှတ်ချက်ကို ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၀ | ၁၀ | - | ၂ | ၈ | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း၂ | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၃ | - | ၃ | - | - | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၅ | | ၄ | ၁ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၇ | ပညာရေး | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုဈေးကွက်စွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | | - | ၂ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | | | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | ၆၅ | ၆၈ | ၅ | ၅၃ | ၁၅ | ၆၈ | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် "မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်းကောက်ယူခြင်းမပြုရပါ။ "ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)" ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ဥပမာ –"စိုက်ပျိုးရေး" ကဏ္ဍ၏ "ကိုယ်ပိုင်လုပ်ငန်း"တွင် ရပ်တည်နိုင်မှု"မြင့်"ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ခနောင်(အထက်)ကျေးရွာတွင် ကိုယ်ပိုင်စီးပွားဖြစ် လုပ်ကိုင်နိုင်သော အိမ်ထောင်စုမှာ နည်းပါးပြီး၊ သီးစားလုပ်ကိုင်သည့် အိမ်ထောင်စုများ များပြားပြီး၊ အလုပ်သမား/ နေ့စားဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသည့် မိသားစုများ ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ–၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၂၅၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၂၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ခနောင်(အထက်)ကျေးရွာတွင် လုပ်ငန်းများအလိုက် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ်မူတည်ပြီး ကျား/မ ဝင်ငွေကွာခြားရခြင်းမှာလည်း လုပ်အားစိုက်ထုတ် နိုင်မှုအပေါ်တွင်မူတည်ပါသည်။ ကျေးရွာတွင် အဓိကအားဖြင့် လယ်ယာကိုသာစိုက်ပျိုးကြပြီး အချို့အိမ်ထောင်စုမှာ ပြည်ပသို့သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ ကျေးရွာသည် နေ့စား/ကျပန်းလုပ်ကိုင်သူများသော ကျေးရွာဖြစ်ပြီး လုပ်အားခရရှိနှုန်းမှာ သင့်တင့်မျှတပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၈၁ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စုစုပေါင်း | **၁၈၁** | ☒ |

ရင်းမြစ် **…** (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်း အမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ခနောင်(အထက်)ကျေးရွာတွင် လယ်မြေ (၁၈၁) ဧက ရှိပြီး မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ လယ်မြေများတွင် မိုးစပါးများ စိုက်ပျိုးကြပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☐ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း ☐မရှိ ☐ | လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☐ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော – ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း –
ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဓါတ်သတ္တုနှင့် သဘာဝအရင်းအမြစ်များ မရှိဘဲနွားစာအပင်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ အနည်းငယ်ရှိပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ ကေ | ၅ ကေအထက် | – | – |
| အိမ်အခြေအနေ | သွပ်မိုး/ ပျဉ်ထောင် | သွပ်မိုး | သွပ်မိုး၊ထရံကာ | ထရံကာ |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု | ကား၊သုံးဘီးဆိုင်ကယ်၊ထွန်စက်၊ | သုံးဘီးဆိုင်ကယ်၊ နွားလှည်း၊ | ဖုန်း၊TV | – |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| | ရိတ်သိမ်း ခြွေလှေ့စက်၊TV | | | |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး | စိုက်ပျိုးရေး | တစ်နိုင်တစ်ပိုင် | တစ်နိုင်တစ်ပိုင်၊ကျပန်း |
| အိမ်ထောင်စု | ၄၀ | ၅၀ | ၂၀ | ၂၆ |

ရင်းမြစ် **... (၁)** ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ခနောင်(အထက်)ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုနှင့် အလယ်အလတ်ရှိသော အိမ်ထောင်စုများသည် ကိုယ်ပိုင်လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် မပြေလည်သောအိမ်ထောင်စုများသည် လယ်ယာလုပ်ငန်းများတွင် သီးစားလုပ်ငန်းများလုပ်ကိုင်ခြင်း၊ ကျပန်းလုပ်ကိုင်ခြင်းနှင့်လက်သမား၊ ပန်းရံလုပ်ကိုင်ခြင်းဖြင့် မိသားစုအတွက် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများသည် နေ့စားကျပန်းများ ဖြစ်ပြီးစသည့် ရာသီလိုက် ကြုံရာကျပန်းလုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြပါသည်။

**(င)** ထိခိုက်လွယ်မှု

**(င-၁)** ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ **(ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃ဂရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦး ဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ဖေလမှ၁၂လအထိ ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |

ရင်းမြစ်..ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ခနောင်(အထက်)ကျေးရွာတွင် ဝမ်းစာဖူလုံမှုစစ်တမ်းကောက်ယူမှုအရ ကျေးရွာ အိမ်ထောင်စုများသည် ဝမ်းစာမဖူလုံသည်ကို လေ့လာတွေ့ရှိရပါသည်။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖေ၄နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | - | | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ခနောင်(အထက်)ကျေးရွာတွင်ကူညီစောင့်ရှောက်မှုအထူးလိုအပ်သည့် သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသည့်ပုဂ္ဂိုလ်များအနည်းငယ်ရှိပါသည်။ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ် ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြပါသည်။ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စုနှင့် ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စုများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျှော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျှော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | √ | | | | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | | | | | | |
| ၃ | မုန်တိုင်းဒီရေ | | | | | | |
| ၄ | ဆူနာမီ | | | | | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | | | | | | |
| ၆ | လေဆင်နှာမောင်း | | | | | | |
| ၇ | လျှော | | | | | | |
| ၈ | အပူလှိုင်း | | | | | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | √ | | | | | |
| ၁၀ | အအေးလှိုင်း | | | | | | |
| ၁၁ | မိုးသီးကြွေကျမှု | | | | | | |
| ၁၂ | မိုးခေါင်ခြင်း | √ | | | | | |
| ၁၃ | တောမီးလောင်ခြင်း | | | | | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | | | | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | | | | | | |
| ၁၆ | မြေပြိုခြင်း | | | | | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | | | | | | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | | | | | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | | | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၂၀ | သစ်တောပြုန်းတီးခြင်း | | | | | | |
| ၂၁ | ငှက်ဖျားရောဂါ | | | | | | |
| ၂၂ | တီဘီရောဂါ | | | | | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | | | | | | |
| ၂၄ | ကပ်ရောဂါ | | | | | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | | | | | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | √ | | | | | |
| ၂၇ | လူကုန်ကူးခြင်း | | | | | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည် | | | | | | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု၁၀၀တွင်၂၅အိမ်ထောင်စုအောက် – နိမ့်

အိမ်ထောင်စု၁၀၀တွင်၂၅မှ၅၀အိမ်ထောင်စု – လတ်

အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ခနောင်(အထက်)ကျေးရွာတွင် သဘာဝဘေးအန္တရာယ် အနေဖြင့် မိုးဦးကျချိန်တွင် လေပြင်းများတိုက်ခတ်ခြင်းကြောင့် အိမ်ခေါင်မိုးလန်ခြင်းများဖြစ်ပေါ်တတ်ပါသည်။ ကျန်းမာရေးနှင့် ပတ်သက် ၍ မိုးရာသီရာသီပေါ် ဝမ်းပျက်ဝမ်းလျော ရောဂါဖြစ်ပွားခြင်း အနည်းငယ်ရှိပါသည်။ ကျေးရွာသူ/သားများသည် စည်းစည်းလုံးလုံးနှင့် အတူတကွ နေထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခများ မရှိပါ။ ရာသီကူးပြောင်းမှုများတွင် ခွာနာ၊ လျှာနာရောဂါစသည့် တိရစ္ဆာန်ရောဂါများ ဖြစ်ပွားမှု အနည်းငယ်တွေ့ရပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု မရှိပါ။

(၄-၄)  ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | √ | | | | | |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု | | √ | | | | |
| ၃ | ဆင်းရဲသားတောင်သူ | | | √ | | | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက် နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | √ | | | | | |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | | | | | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာ တွင်နေထိုင်သူများ | | | | | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူ များ **(IDP)** | | | | | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | | | | | | |
| ၉ | ငါးကန်ပိုင်ရှင်များ | | | | | | |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | | √ | | | | |
| ၁၁ | လူနည်းစုလူမျိုးများ | | | | | | |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူ များ | | | | | | |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | | | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၄ | ရွှေတွင်းလုပ်သားများ | | | | | | |
| ၁၅ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | | | | | | |
| ၁၆ | နေရပ်ပြန်အခြေချသူများ | | | | | | |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | | | | | | |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | | | | | | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ စသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ခနောင်(အထက်)ကျေးရွာတွင် လက်လုပ်လက်စားကျပန်းများအနေဖြင့် သဘာဝဘေးဒဏ် ဆိုးရွားစွာကျရောက်နိုင်ပါက ထိခိုက်သက်ရောက်မှုမှာ မြင့်မားလျက်အဆင့်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေးအဖွဲ့ | ၁☑၂☐၃☐ | ၁၅ | - | ၁၅ | ပညာရေး☑ငွေကြေး☑ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑ | ကောင်း☐ သင့်☑ ညံ့☐ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၂ | ရပ်မိရပ်ဖ | ၁☑၂☐၃☐ | ၇ | - | ၇ | ပညာရေး☑ငွေကြေး☑ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑ | ကောင်း☐ သင့်☑ ညံ့☐ |
| ၃ | စာကြည့်တိုက် ကော်မတီ | ၁☐၂☑၃☐ | ၅ | - | ၅ | ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐ သင့်☐ ညံ့☑ |
| ၄ | ကျောင်း ကော်မတီ | ၁☑၂☐၃☐ | ၆ | ၄ | ၁၀ | ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐ သင့်☑ ညံ့☐ |
| ၅ | ဓမ္မစကြာ အသင်း | ၁☐၂☐၃☑ | - | ၂၀ | ၂၀ | ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☑ သင့်☐ ညံ့☐ |
| ၆ | VDP ကော်မတီ | ၁☐၂☑၃☐ | ၄ | ၃ | ၇ | ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☑ သင့်☐ ညံ့☐ |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ခနောင်(အထက်)ကျေးရွာတွင် ရပ်မိရပ်ဖ၊ ကျောင်းကော်မတီ ၊ နာရေးကူညီမှုအသင်းအဖွဲ့ စသည့်အဖွဲ့များသည် ကျေးရွာ၏လူမှုဖွံ့ဖြိုးရေး ဆိုင်ရာလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လုပ်ကိုင်ကြပါသည်။

(က–၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၂ | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၃ | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၄ | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၅ | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၆ | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ **Christian Aid Missions** စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – **Care International, Save the Children, Gret, Pact Myanmar** စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာ– ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ **GIZ, UKAid, USAid,** စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုး၊ ပြည်သူ့အကျိုးကိုထိရောက်စွာ ထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ –သမဝါယမ ဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင်ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ပြင်ပအဖွဲ့အစည်းမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦး ဆောင်သည့်အိမ် ထောင်စုအရေ အတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၁၇ | ၁၉ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက် | ၃ | – | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ၅ဧကကြား | - | - | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား | ၉ | ၁ | တောင်သူလတ် |
| ၅ | ၁၂.၅ဧကအထက် | ၇ | | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း | | ၁၃၆ | ၂၀ | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ခနောင်(အထက်)ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများမှာ (၁၁၇)ဦးရှိပြီး ကျေးရွာ တွင် ဆင်းရဲသားတောင်သူ (၃)အိမ်ထောင်စုတို့ရှိပါသည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုမှာ ကျေးရွာ အိမ်ထောင်စု၏ (၈၆) ရာခိုင်နှုန်းရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခြင်း၊ အခြား ကျပန်း လုပ်ငန်းများတွင် လုပ်ကိုင်ကြပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | | |
|---|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ <u>တစ်ခုကိုသာ</u>ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
| ၁ | ဆည် | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐မရှိ☐ မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☐ |
| ၂ | ရေလွှဲဆည် | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐မရှိ☐ မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☐ |

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | | |
|---|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ် ခုကိုသာရွေးရန်) |
| ၃ | မြစ်ရေတင် စီမံကိန်း | | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☐ | ရှိ☐မရှိ☐<br>မဖြေဆိုပါ☐ | လျော့☐တိုး☐<br>အပြောင်းအလဲမရှိ☐ |
| ၄ | ရေသွင်းမြောင်း | | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☐ | ရှိ☐မရှိ☐<br>မဖြေဆိုပါ☐ | လျော့☐တိုး☐<br>အပြောင်းအလဲမရှိ☐ |
| ၅ | အဝီစိတွင်း | | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☐ | ရှိ☐မရှိ☐<br>မဖြေဆိုပါ☐ | လျော့☐တိုး☐<br>အပြောင်းအလဲမရှိ☐ |
| ၆ | လက်ငင်ရေ တွင်း | | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☐ | ရှိ☐မရှိ☐<br>မဖြေဆိုပါ☐ | လျော့☐တိုး☐<br>အပြောင်းအလဲမရှိ☐ |
| ၇ | စိမ့်စမ်းရေ | | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☐ | ရှိ☐မရှိ☐<br>မဖြေဆိုပါ☐ | လျော့☐တိုး☐<br>အပြောင်းအလဲမရှိ☐ |
| ၈ | ချောင်းရေ | | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☐ | ရှိ☐မရှိ☐<br>မဖြေဆိုပါ☐ | လျော့☐တိုး☐<br>အပြောင်းအလဲမရှိ☐ |

ရင်းမြစ်...(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း–လယ်သမားအုပ်စု၊(၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ခနောင်(အထက်)ကျေးရွာ၏ စိုက်ပျိုးရေးတွင် မိုးရေကိုသာ စိုက်ပျိုးရေအဖြစ် အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်) | အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| စပါး | ၁၈၁ | တင်း | ၃၅ | ၅၀ | ၄၀ | ဇွန် | အောက်တိုဘာ | မြင့်☐လတ်☐<br>နိမ့်☑ | မြင့်☐လတ်☑<br>နိမ့်☐ | မြင့်☐လတ်☑<br>နိမ့်☐ |
| | | | | | | | | မြင့်☐လတ်☐<br>နိမ့်☐ | မြင့်☐လတ်☐<br>နိမ့်☐ | မြင့်☐လတ်☐<br>နိမ့်☐ |
| | | | | | | | | မြင့်☐လတ်☐<br>နိမ့်☐ | မြင့်☐လတ်☐<br>နိမ့်☐ | မြင့်☐လတ်☐<br>နိမ့်☐ |
| | | | | | | | | မြင့်☐လတ်☐<br>နိမ့်☐ | မြင့်☐လတ်☐<br>နိမ့်☐ | မြင့်☐လတ်☐<br>နိမ့်☐ |
| | | | | | | | | မြင့်☐လတ်☐<br>နိမ့်☐ | မြင့်☐လတ်☐<br>နိမ့်☐ | မြင့်☐လတ်☐<br>နိမ့်☐ |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ခနောင်(အထက်)ကျေးရွာသည် ဆန်စပါးကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။ တစ်ဧကအထွက်နှုန်းမှာ အများဆုံး(၅၀)တင်း၊အနည်းဆုံး(၃၅)တင်းနှင့် ပျမ်းမျှ(၄၀)တင်းထွက်ရှိပါသည်။သွင်းအားစုလိုအပ်ချက်နှင့်ဈေးနှုန်းမြင့်မားပြီး ထွက်ကုန်များရောင်းချရာတွင် ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်ပြီး အမြတ်ရရှိမှုနှုန်း နည်းပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၂၀ | | | |
| လက်တွန်းထွန်စက် | | | | |
| အစေ့ချကိရိယာ | | | | |
| ရိတ်သိမ်းခြွေလှေ့စက် | | | | ၁၈ |
| ရိတ်သိမ်းစက် | | | | |
| ခြွေလှေ့စက် | | | | |

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် |
|---|---|---|---|---|
| ရေစုပ်စက် | | | | |
| ခြေနင်းရေတင်စက် | | | | |
| မြက်ရိတ်စက် | | | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။ လေ့လာတွေ့ရှိချက်။ ။ခနောင်(အထက်)ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှုမှာ အနည်းငယ်သာရှိပြီး လိုအပ်သောလယ်ယာသုံးစက်ကိရိယာများအား ငှားရမ်းသုံးစွဲကာ ငှားရမ်းခအနေဖြင့် ရိတ်သိမ်းခြွေလှေ့စက်မှာ တစ်ကေလျှင်(၁၅၀၀၀၀) ခန့် ပေးရပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | အလွန်ကောင်း☐ကောင်း☑သင့်တင့်မျှတ☐မဖြေဆိုပါ☐ |
| လယ်ယာမြေအသုံးချနိုင်မှု | အလွန်ကောင်း☐ကောင်း☑သင့်တင့်မျှတ☐မဖြေဆိုပါ☐ |
| စိုက်ပျိုးရေအရင်းအမြစ် | ပေါများ☐အသင့်အတင့်ရှိ☑မဖြေဆိုပါ☐ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည်☐ရသည်☐မဖြေဆိုပါ☑ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑မဖြေဆိုပါ☐ |
| သဘာဝမြေဆွေး/အော်ဂဲနစ်မြေသြဇာနှင့် အခြားအော်ဂဲနစ်သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☐မဖြေဆိုပါ☐ |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေသြဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☑မဖြေဆိုပါ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူရနိုင်သည်☑ရနိုင်သည်☐မဖြေဆိုပါ☐ |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | အလွယ်တကူရနိုင်သည်☐ရနိုင်သည်☑မဖြေဆိုပါ☐ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐သီးနှံများကိုရောင်းချနိုင်သည်☑မဖြေဆိုပါ☐ |

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| ရာသီဥတုအခြေအနေပြောင်းလဲမှု<br>(အပူချိန်၊မိုးရေချိန်) | ထိခိုက်သည်☑ မထိခိုက်ပါ ☐ မဖြေဆိုပါ☐ |

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း –လယ်သမားအုပ်စု၊ (၂)သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။ လေ့လာတွေ့ရှိချက်။ ။ခနောင်(အထက်)ကျေးရွာတွင် သီးနှံအထွက်နှုန်းတိုးတက်စေရန် အခွင့်အလမ်း အနေဖြင့် လယ်ယာမြေအသုံးချနိုင်မှု အသင့်အတင့်ရှိပြီး စိုက်ပျိုးရေအရင်းအမြစ်အသင့်အတင့်ရှိပါသည်။ ချေးငွေနှင့် ဝန်ဆောင်မှုအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှရရှိပါသည်။

**(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ**

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br>(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | မြေဆီလွှာမကောင်း☐ရာသီဥတုမမှန်☐မဖြေဆိုပါ☑ |
| လယ်ယာမြေအသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☑လယ်ယာမြေဆုံးရှုံးမှုများသည်☐<br>လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☐<br>ပလပ်မြေများရှိသည်☐<br>ပလပ်မြေအသင့်အတင့်ရှိသည်☐မဖြေဆိုပါ☐ |
| စိုက်ပျိုးရေအရင်းအမြစ် | အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐ |
